ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP)

ပါတီဗဟိုဌာနချုပ်

P.O Box-6, Mae Hong Son 58000, Thailand Email: knpphq2013@gmail.com Office Phone/Fax: +66-53615908

Secretriat mobile: GS: (+66)999428659, S1: (+66) 895531296, S2: (+66) 650194009


## အရေးပေါ်သတင်းထုတ်ပြန်ချက်

၁။ ကရင်နီပြည်၊ လွိုင်ကော်မြို့၊ မိုင်းလုံးရပ်ကွက်အတွင်း စစ်ကောင်စီမှ ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ (၇) ရက်နေ့တွင် နံနက်ပိုင်းမှစ၍ လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် မိုင်းလုံး နေအိမ်များအပေါ် ကျရောက်ပြီး အပြစ်မဲ့ ပြည်သူများ (၆) ဦးအထိ သေဆုံး ခဲ့ရပါသည်။ ပြည်သူလူထုများလည်း ထိုမိုင်းလုံး ရပ်ကွက်တိုက်ပွဲများအတွင်း ပိတ်မိနေခဲ့ရသည်၊ စစ်ကောင်စီမှ မြင်မြင်သမျှမည်သူမဆို ပစ်ခတ်သတ်ဖြတ် နေခြင်းဖြစ်၍ ပြည်သူလူထုလွတ်မြောက်ရေးအတွက် ကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ရသည်။

၂။ ထို့အပြင် မနေ့ညနေမှစ၍ ယနေ့ ဇန်နဝါရီလ (၈) ရက်နေ့အထိ ဆက်တိုက် တိုက်လေယာဉ်၊ စစ်ရဟတ်ယာဉ်များအသုံးပြု၍ ဗုံးကြဲတိုက်ခိုက်နေခြင်းကြောင့် အပြစ်မဲ့ ပြည်သူတစ်ချို့ လွတ်မြောက်ရာသို့ ထွက်ပြေးတိမ်းရှောင်နိုင်သော်လည်း ပြည်သူတစ်ချို့မှာ ပိတ်မိနေဆဲဖြစ်သည်။

၃။ ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ (၇) ရက်နေ့၊ ထိုင်း၊ ကရင်နီနယ်စပ်တွင်လည်း စစ်ကောင်စီမှ တိုက်လေယာဉ်များဖြင့် ဗုံးကြဲတိုက်ခိုက်မှုကြောင့် ကရင်နီထိန်းချုပ်နယ်မြေအတွင်း ခိုလှုံနေသော စစ်ရှောင်စခန်းမှ ပြည်တွင်းဒုက္ခသည် (၁၂၀၀) ကျော်လည်း နယ်စပ်ကို ဖြတ်ကျော်ထွက်ပြေးတိမ်းရှောင်ခဲ့ပြီး (၂၀၀) ဦးခန့်မှာ နယ်စပ်ကိုဖြတ်ကျော်နိုင်ခြင်း မရှိသေးပေ။

၄။ ထို့အတွက်ကြောင့် အပြစ်မဲ့ပြည်သူလူထုများအား တိုက်လေယာဉ်၊ စစ်ရဟတ်ယာဉ်များဖြင့် ဗုံးကြဲတိုက်ခိုက်နေခြင်းအား နိုင်ငံတကာ အဖွဲ့အစည်းများမှ အမြန်ဆုံးအရေးယူ ဆောင်ရွက်မှုများအား ပြုလုပ်ဆောင်ရွက်သွားနိုင်ရန်နှင့် ပြည်သူလူထု၏ အသက်အိုးအိမ်လုံခြုံရေးအတွက် အမြန်ဆုံး ကူညီဆောင်ရွက်ပေးရန် ကရင်နီအမျိုးသားတိုးတက်ရေးပါတီအနေဖြင့် လေးလေးနက်နက်တောင်းဆိုလိုက်ရပါသည်။

ပါတီဗဟိုအလုပ်အမှုဆောင်ကော်မတီ

ကရင်နီအမျိုးသားတိုးတက်ရေးပါတီ

နေ့စွဲ၊ ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ (၈) ရက်